ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်
FIRST PRIVATE BANK LIMITED
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095 1 376 451 ~ 452 / 378 268 ~ 269.
095 1 251 748 ~ 749 / 246 786.
FAX : 095 -1- 242 320 / 250 148 / 251 747.
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com; hofirst.private@gmail.com
fpbbank@myanmar.com.mm

## (၂၀၁၈) ဘဏ္ဍာရေးနှစ်(၆လ)(ဧပြီလမှ စက်တင်ဘာလထိ) ဘဏ္ဍာရေးရှင်းတမ်းများကို စီမံခန့်ခွဲရေးအဖွဲ့၏သုံးသပ်ချက်များထုတ်ပြန်ခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့သည်(၂၀၁၈) ဘဏ္ဍာရေးနှစ်(၆လ)(ဧပြီလမှစက်တင်ဘာလထိ)ပြင်ပစာရင်းစစ်မှစစ်ဆေးပြီးသောဘဏ္ဍာရေးရှင်းတမ်းများကိုအလွယ်တကူသိရှိနိုင်ရန် နှင့်ဘဏ္ဍာရေးရှင်းတမ်းများနှင့်ပတ်သက်၍ ဒါရိုက်တာအဖွဲ့၏ သုံးသပ်ချက်နှင့်ဆွေးနွေးချက်များကိုအသိပေးတင်ပြအပ်ပါသည်။ဘဏ္ဍာရေးနှစ်ကိုပြောင်းလဲလိုက်သဖြင့်ယခုတင်ပြချက်မှာ၂၀၁၈ ခုဘဏ္ဍာရေးနှစ်(ဧပြီလမှ စက်တင်ဘာလထိ)နှင့် ၂၀၁၇ခုဘဏ္ဍာရေးနှစ်(ဧပြီလ မှစက်တင်ဘာလထိ) (၆)လကုန်ရှိ ဘဏ်၏ ငွေရေးကြေးရေးခြေအနေများကို နှိုင်းယှဉ်တင်ပြထားပါသည်။

### (၂၀၁၈) ဘဏ္ဍာရေးနှစ်(၆လ)ချုပ် ဝင်ငွေနှင့်အသုံးစရိတ်ရှင်းတမ်းရှင်းလင်းချက်

**အတိုးရငွေများ (Interest Income)**

၁။ ပထမပုဂ္ဂလိကဘဏ်၏(၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်(၂၀၁၇)ဘဏ္ဍာရေးနှစ်(၆လ)ထက်ချေးငွေပမာဏ**ကျပ်၂,၁၉၅၇. ၆၄သန်း**ပိုမိုထုတ်ချေးခဲ့သဖြင့် အတိုးဝင်ငွေစုစုပေါင်း (Total Interest Income) မှာ**ကျပ်၈၄၄. ၂၈သန်း (၈. ၀၅ရာခိုင်နှုန်း)**ပိုမို တိုးတက်ရရှိခဲ့ပါသည်။

၂။ (၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်စုစုပေါင်းအပ်ငွေပမာဏမှာ(၂၀၁၇)ဘဏ္ဍာရေးနှစ်(၆လ)ထက် **ကျပ်၂၆,၄၃၁ . ၁၄သန်း(၁၄. ၈၇ရာခိုင်နှုန်း)**ပိုမို တိုးတက်ခဲ့၍ အတိုးစရိတ်စုစုပေါင်း(Total Interest Expense)မှာ **ကျပ်၁,၁၉၉. ၈၀သန်း(၁၇. ၈၉ ရာခိုင်နှုန်း)** ပိုမိုတိုးမြှင့် ပေးခဲ့ရသည့်သဖြင့်အသားတင် အတိုးဝင်ငွေ(Net Interest Income)မှာ(၂၀၁၇) ဘဏ္ဍာရေး နှစ်(၆လ)ထက် **ကျပ်၃၅၅. ၅၁သန်း(၉. ၃၉ရာခိုင်နှုန်း)** လျော့နည်း ရရှိခဲ့ပါသည်။

၃။ (၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်အခြားဝင်ငွေများ( Other Income)မှာ(၂၀၁၇)ဘဏ္ဍာရေးနှစ်(၆လ)ထက်**ကျပ်၂၆. ၆၈သန်း(၁. ၇၂ရာခိုင်နှုန်း)**လျော့နည်းခဲ့ပါသည်။ယင်းသို့လျော့နည်းရခြင်းမှာ ချေးငွေဝန်ဆောင်စရိတ်ရငွေများ (Service Charges ) မှာ (၂၀၁၇)ဘဏ္ဍာရေးနှစ် ( ၆လ ) ထက်

**ကျပ်၁၁၄. ၉၂သန်း(၁၁. ၄၈ ရာခိုင်နှုန်း)**လျော့နည်း ရရှိခဲ့၍ဖြစ်ပါသည်။ယင်းသို့ဖြစ်ရခြင်းမှာ ငွေချေးသူစီးပွားရေးလုပ်ငန်းရှင်အချို့မှာအရင်းအတိုးများကိုအချိန်မီမှန်မှန် ကန်ကန် ပေးဆပ်ရန်ပျက်ကွက်ခြင်းကြောင့်ဖြစ်ပါသည်။

၄။ (၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်ဝင်ငွေစုစုပေါင်း(Total revenue)မှာ (၂၀၁၇)ဘဏ္ဍာရေးနှစ်(၆လ)ထက်**ကျပ်၃၈၂. ၁၉သန်း(၇. ၁၅ရာခိုင်နှုန်း)**လျော့နည်းခဲ့ပါသည်။ယင်းသို့လျော့နည်းရသည့်အချက်မှာဝင်ငွေ တိုးတက်မှုနှုန်းထက် အပ်ငွေများ တိုးလာသည့်အတွက် အတိုးစရိတ်များ ပိုမို များလာသောကြောင့်ဖြစ်ပါသည်။

**<u>အသုံးစရိတ်များ (Expenses)</u>**

၅။ **ဝန်ထမ်းရေးရာစရိတ်များ**(Personnel Expense)များမှာ(၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်(၂၀၁၇)ဘဏ္ဍာ ရေးနှစ်(၆လ)ထက်**ကျပ်၁၀၈. ၆၀သန်း** ပိုမိုသုံးစွဲခဲ့သည့်အတွက် ဝန်ထမ်းရေးရာစရိတ်(Personnel Expense ) မှာ **(၁၂. ၂၅ ရာခိုင်နှုန်း)** ပိုမိုကုန်ကျခဲ့ပါသည်။

၆။ **စီမံခန့်ခွဲမှုစရိတ်များ**(General& Adminstrative Expenses)မှာ (၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်(၂၀၁၇)ဘဏ္ဍာရေးနှစ်(၆လ)ထက် **ကျပ်၃၀၂. ၇၄သန်း(၇၉. ၂၂ရာခိုင်နှုန်း)**ပိုမိုကုန်ကျခဲ့ပါသည်။ ယင်းသို့ပိုမိုကုန်ကျရခြင်းမှာ ဘဏ်စနစ်ခေတ်မီစေရန် Core Banking software ပြောင်းလဲခြင်းအတွက် မှတ်ပုံတင်နှင့် လိုင်စင်ကြေး **ကျပ်၂၆၄.၃၇သန်း** ကျခံသုံးစွဲခဲ့ရ၍ဖြစ်ပါသည်။

၇။ **တန်ဖိုးလျော့စရိတ်**(Depreciation)မှာ(၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်(၂၀၁၇)ဘဏ္ဍာရေးနှစ်(၆လ)ထက်**(၀. ၇၂ရာခိုင်နှုန်း)**ပိုမိုကုန်ကျခဲ့ပါသည်။။ယင်းမှာDigital Bankingအတွက်Hardwareများဝယ်ယူခဲ့ခြင်းကြောင့် တန်ဖိုးလျော့စရိတ်များ ပိုမိုခဲ့ခြင်းဖြစ်ပါသည်။

၈။ (၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်စုစုပေါင်းစီမံခန့်ခွဲမှုစရိတ် (Total Operating Expenses) မှာ (၂၀၁၇) ဘဏ္ဍာရေးနှစ်(၆လ)ထက် **ကျပ်၄၁၁. ၉၂သန်း (၃၀. ၄၉ရာခိုင်နှုန်း)** ပိုမိုကုန်ကျခဲ့ပါသည်။

**အသားတင်အမြတ် (Net Profit )**

၉။ (၂၀၁၈)ဘဏ္ဍာရေးနှစ်(ဗြလ)တွင်(၂၀၁၇)ဘဏ္ဍာရေးနှစ်(ဗြလ)ထက်စုစုပေါင်းဝင်ငွေမှာ**ကျပ်၃၈၂. ၁၉ သန်း(၇. ၁၅ရာခိုင်နှုန်း)** လျော့နည်းခဲ့ပြီး စုစုပေါင်းအသုံးစရိတ်များမှာ **ကျပ်၄၁၁. ၉၂သန်း(၁၀. ၄၉ ရာခိုင်နှုန်း)**ပိုမိုကုန်ကျခဲ့သည့်အတွက် အသားတင်အမြတ်မှာ **ကျပ်၂၀၅. ၈၈သန်း(၁၉. ၈၉ရာခိုင်နှုန်း)** လျော့နည်းရရှိခဲ့၍ဖြစ်ပါသည်။အကြောင်းရင်းမှာ (၂၀၁၈)ဘဏ္ဍာရေးနှစ်(ဗြလ)တွင် (၂၀၁၇)ဘဏ္ဍာရေးနှစ်(ဗြလ)ထက်ထုတ်ချေးငွေပမာဏတိုးတက်လာ၍အတိုးဝင်ငွေများ တိုးတက်ခဲ့သော်လည်းပိုမိုခဲ့သော်လည်း အပ်ငွေပမာဏမှာပို၍များခဲ့ခြင်းနှင့်ဘဏ်စနစ်ခေတ်မှီစေရန်Digital Banking စနစ်သစ်စတင်ပြောင်းလဲ အကောင်အထည်ဖော်ခြင်းကြောင့် စီမံခန့်ခွဲမှုစရိတ် (Total Operating Expenses)များပိုမိုသုံးစွဲခဲ့ရ ခြင်းကြောင့်ဖြစ်ပါသည်။

## <u>(၂၀၁၈) ဘဏ္ဍာရေးနှစ်(ဗြလ)ချုပ် လက်ကျန်ရှင်းတမ်းရှင်းလင်းချက်</u>

**<u>ပစ္စည်းနှင့်ရပိုင်ခွင့်များ (Assets)</u>**

**၁။ ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေ**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဘဏ္ဍာရေးအခြေအနေ (Statement of Financial Position) မှာ ဘဏ်အမြတ်ငွေများပိုမိုရရှိနိုင်ရန်အတွက် ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေ (Loans&Overdrafts) များ ကို(၂၀၁၈)ဘဏ္ဍာရေးနှစ်(ဗြလ)တွင် ယခင်(၂၀၁၇)ဘဏ္ဍာရေးနှစ်(ဗြလ)ထက် ပိုမိုထုတ်ချေးခဲ့ရာ ချေးငွေ ပမာဏ **ကျပ်၂၁,၉၅၇. ၆၄သန်း(၁၃. ၈၅ ရာခိုင်နှုန်း) ပိုမို<u>တိုးမြှင့်ထုတ်ချေးခဲ့ပါသည်</u>**။

**၂။ ကြိုတင်ပေးငွေများနှင့် အခြားရရန်ရှိများ**

(၂၀၁၈)ဘဏ္ဍာရေးနှစ်(ဗြလ)တွင် (၂၀၁၇)ဘဏ္ဍာရေးနှစ်(ဗြလ)ထက် ကြိုတင်ပေးငွေနှင့် အခြားရရန်ရှိများ (Prepaid &OtherReceivables)မှာ**ကျပ်၃,၅၁၆. ၀၇သန်း(၄၂. ၅၁ရာခိုင်နှုန်း)**လျော့နည်းခဲ့ပါသည်။ အကြောင်းရင်းမှာ ကြိုတင်ပေးငွေ(Prepaid)တွင်**ကျပ်၆,၁၉၀. ၇၇သန်း(၉၃. ၇၀ရာခိုင်နှုန်း)**လျော့နည်း သွားခြင်းကြောင့်ဖြစ်ပါသည်။

**၃။ ရင်းနှီးမြှုပ်နှံမှုများ**

(၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်(၂၀၁၇)ဘဏ္ဍာရေးနှစ်(၆လ)ထက် ရင်းနှီးမြှုပ်နှံမှုများ ( Investment) တွင် **ကျပ်၈,၅၀၀သန်း(၃၆. ၆၃ရာခိုင်နှုန်း)**ပိုမိုများပါသည်။အစိုးရငွေတိုက်စာချုပ်ဝယ်ယူထားခြင်းအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် (Deposit Auction)**ကျပ်၁၁,၀၀၀သန်းပိုမိုရင်းနှီးမြှုပ်နှံ**ထားခြင်းကြောင့်ဖြစ်ပါသည်။

**၄။ ပုံသေပိုင်ပစ္စည်းများ**

(၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင်ပုံသေပိုင်ပစ္စည်းများ(Property and equipment) မှာ ဘဏ်ခွဲများ ဖွင့်လှစ်နိုင်ရန်အတွက်မြေနှင့်အဆောက်အဦတွင်**ကျပ်၁,၇၅၄. ၄၄သန်း၊** Core Banking အတွက် Hard ware များ ကွန်ပြူတာများ နှင့်ဆက်စပ်ပစ္စည်းများတန်ဘိုး **ကျပ် ၇၃၆.၉၂သန်း**ဝယ်ယူခဲ့ခြင်း နှင့် Core Banking Softwareအတွက် **ကျပ်၁, ၃၆၈. ၂၀သန်း** ဝယ်ယူခဲ့ခြင်းတို့ကြောင့်(၂၀၁၇) ဘဏ္ဍာရေးနှစ်(၆လ)ထက် **ကျပ်၃,၈၇၅. ၂၁သန်း (၅၆. ၂၉ ရာခိုင်နှုန်း)** ပိုများခဲ့ပါသည်။

**၅။ ကြိုတင်ပေးဝင်ငွေခွန်**

(၂၀၁၈)ဘဏ္ဍာရေးနှစ်(၆လ)တွင် (၂၀၁၇)ဘဏ္ဍာရေးနှစ်(၆လ)ထက်ကြိုတင်ပေးဝင်ငွေခွန် (Advanced tax)မှာ **ကျပ်၁,၇၃၀. ၂၂သန်း(၃၈၄. ၄၉ ရာခိုင်နှုန်း)** ပိုမိုများနေခြင်းမှာ ၂၀၁၇ဘဏ္ဍာရေးနှစ်(၆လ) တွင်ဝင်ငွေခွန်ကိုကြိုတင်ခွန်အဖြစ် **ကျပ်၄၅၀သန်း**ထမ်းဆောင်ထားသော်လည်း ၂၀၁၈ဘဏ္ဍာရေးနှစ်(၆လ)ချုပ်တွင်၂၀၁၇–၁၈ဘဏ္ဍာရေးနှစ်ချုပ်အတွက်ထမ်းဆောင်ရမည့်ဝင်ငွေခွန်**ကျပ်၁,၅၆၀. ၂၂သန်း** နှင့်၂၀၁၈ဘဏ္ဍာရေးနှစ်(၆လ)ချုပ်အတွက်ထမ်းဆောင်ရမည့်ဝင်ငွေခွန် **ကျပ်၆၂၀သန်း** နှစ်ရပ်ပေါင်း ထမ်းဆောင်ရမည့် စုစုပေါင်းဝင်ငွေခွန် **ကျပ်၂,၁၈၀. ၂၂သန်း** ကိုလျာထားခြင်းကြောင့်ဖြစ်ပါသည်။

**၆။ စုစုပေါင်းပစ္စည်းနှင့်ရပိုင်ခွင့်များ**(Total Asset)

**စုစုပေါင်းပစ္စည်းနှင့်ရပိုင်ခွင့်များ** မှာ၂၀၁၇ ဘဏ္ဍာရေးနှစ်(၆လ)တွင်**ကျပ်၂၃၈,၁၅၈. ၃၉သန်း** ရှိပြီး ၂၀၁၈ဘဏ္ဍာရေးနှစ်(၆လ)တွင်**ကျပ်၂၆၉,၆၇၈. ၀၃သန်း** ရှိသဖြင့်**ကျပ်၃၁,၅၁၉. ၆၃သန်း (၁၃. ၂၃ ရာခိုင်နှုန်းပိုတိုးခဲ့ပါသည်။**

**<u>ပေးရန်တာဝန်များ (Liabilities)</u>**

၁။**ဘဏ်အပ်ငွေစုစုပေါင်း**မှာ၂၀၁၈ဘဏ္ဍာရေးနှစ်(ဖြလ)တွင်**ကျပ်၂၀၄,၁၂၂. ၉၇သန်း**ရှိပြီး၂၀၁၇ဘဏ္ဍာရေးနှစ်(ဖြလ)တွင်အပ်ငွေစုစုပေါင်းမှာ**ကျပ်၁၇၇,၆၉၁. ၈၄သန်း** ရှိ၍အပ်ငွေစုစုပေါင်းမှာ**ကျပ်၂၆,၄၃၁. ၁၄သန်း (၁၄. ၈၇ ရာခိုင်နှုန်း)** ပိုတိုးခဲ့ပါသည်။

၂။ **အခြားပေးရန်တာဝန်များ** (Other Liabilities)မှာ၂၀၁၈ဘဏ္ဍာရေးနှစ်(ဖြလ)တွင်၂၀၁၇ဘဏ္ဍာရေးနှစ်(ဖြလ)ထက်စာရင်းသေအပ်ငွေ(FixedDeposit)ပမာဏမှာ**ကျပ်၂၀,၉၉၈. ၉၄သန်း(၃၄. ၃၈ရာခိုင်နှုန်း)** ပိုများသည့်အတွက်ပေးရန်အခြားတာဝန်များ(Other Liabilities)မှာ **ကျပ်၂၆,၄၃၁. ၁၄သန်း(၁၁၈. ၈၃ ရာခိုင်နှုန်း)** ပိုမိုခဲ့ပါသည်။

၃။ **ငွေပေးအမိန့်**(Payment Order) မှာ၂၀၁၈ဘဏ္ဍာရေးနှစ်(ဖြလ)တွင် ၂၀၁၇ ဘဏ္ဍာရေးနှစ်(ဖြလ) ထက်ငွေပေးအမိန့်များ ပိုရောင်းချရသဖြင့်**ကျပ်သန်း၂၀. ၂၆သန်း(၄၂. ၆၅ ရာခိုင်နှုန်း)**ပိုများပါသည်။

၄။ **စုစုပေါင်းရင်းနှီးငွေ၊ရန်ပုံငွေနှင့်ပေးရန်တာဝန်များ**(Total Liabilities and Equity) မှာ ၂၀၁၈ဘဏ္ဍာရေးနှစ်(ဖြလ)တွင်**ကျပ်၂၆၉,၆၇၈. ၀၃သန်း** ရှိပြီး ၂၀၁၇ဘဏ္ဍာရေးနှစ်(ဖြလ)တွင် **ကျပ် ၂၃၈,၁၅၈. ၃၉သန်း** ရှိသဖြင့် **ကျပ်၃၁,၅၁၉. ၆၃သန်း (၁၃. ၂၃ ရာခိုင်နှုန်း)** ပိုများပါသည်။

**<u>ချေးငွေကြွေးကျန်များနှင့်တရားစွဲဆိုထားသည့်အခြေအနေ</u>**

၁။ ၂၀၁၈ဘဏ္ဍာရေးနှစ်(ဖြလ)ချုပ် (၃၀-၉-၂၀၁၈)နေ့တွင် ချေးငွေကြွေးကျန်သူ(၇)ဦးရှိပြီး ချေးငွေအရင်းမှာ**ကျပ် ၆,၄၆၈. ၁၁သန်း**နှင့် အတိုး **ကျပ်၉၁၀. ၅၄သန်း** စုစုပေါင်းဆုံးရှုံးနိုင်ခြေရှိသော ချေးငွေအတိုးနှင့်အရင်းမှာ **ကျပ်၇,၃၇၈. ၆၅သန်း** ရှိပါသည်။ ယင်းတို့၏စုစုပေါင်းအာမခံတန်ဖိုးမှာ **ကျပ်၁၂,၀၁၇သန်း (၆၁. ၄၀ ရာခိုင်နှုန်း)** ရှိပါသည်။

၂၀၁၈ဘဏ္ဍာရေးနှစ်(ဖြလ) (၃၀-၉-၂၀၁၈)နေ့တွင်စုစုပေါင်းချေးငွေပမာဏမှာ**ကျပ်၁၈၀,၄၂၁. ၂၅ သန်း**ရှိသဖြင့်စုစုပေါင်းရရန်မသေချာသောနှင့်ရလမ်းမရှိသောချေးငွေအချိုး (Total NPL ratio )မှာ **၄. ၀၉ ရာခိုင်နှုန်း**ဖြစ်ပါသည်။

ချေးငွေကြွေးကျန်သူ(၇)ဦးအနက်(၅)ဦးကိုတရားစွဲထားရာအနိုင်ဒီဂရီ ရရှိပြီးအာမခံအဆောက်အဦများကိုလေလံတင်ရောင်းချနေသည့်အမှု(၁)မှု၊အနိုင်ဂရီရပြီးဇာရီမှု(၁)မှုနှင့်တရားရုံးစစ်ဆေးဆဲ(၃)မှုဖြစ်ပါသည်။

လက်ရှိစီးပွားရေးအခြေအနေအရချေးငွေကြွေးကျန်များဖြစ်ပေါ်နေသော်လည်းအာမခံပစ္စည်းများခိုင်ခိုင်မာမာ ရယူထားသဖြင့် အာမခံအဆောက်အဦများကို လေလံတင်ရောင်းချပြီးပါက ဘဏ်အတွက် ဆုံးရှုံးနိုင်ခြေ မရှိပါကြောင်း တင်ပြအပ်ပါသည်။

၂။ ဘဏ်ဒါရိုက်တာအဖွဲ့သည် ဘဏ်၏ဆုံးရှုံးနိုင်မှု အလားအလာရှိသောချေးငွေများ ကိုသေသေချာချာအကဲဖြတ်စောင့်ကြည့်သည့်အပြင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အမိန့်၊ညွှန်ကြားချက်များနှင့်အညီလုံလောက်စွာလျာထားပါသည်။

**<u>ခွင့်ပြုမတည်ငွေရင်းနှင့်ထည့်ဝင်ပြီးရင်းနှီးငွေ</u>**

**ခွင့်ပြုမတည်ငွေရင်း** (Authorized Capital)မှာ**ကျပ်သန်း၁၀၀,၀၀၀ (ကျပ်၁၀၀ဘီလီယံ)**

ဖြစ်ပြီးထည့်ဝင်ပြီးမတည်ငွေရင်း(Paid-upCapital)မှာ **ကျပ်၂၄,၇၂၀. ၅၃သန်း**ဖြစ်၍ပြောင်းလဲခြင်းမရှိကြောင်းတင်ပြပါသည်။

**<u>ရင်းနှီးငွေနှင့်ရန်ပုံငွေများ (Equity)</u>**

၂၀၁၈ဘဏ္ဍာရေးနှစ်(၆လ)**တွင်ဥပဒေပြဋ္ဌာန်းရန်ပုံငွေများ** (Statutory Reserve)မှာ**ကျပ်၁၄,၁၄၆. ၂၈သန်း**ဖြစ်ပြီးချေးငွေလက်ကျန်၏၂ %အထွေထွေလျာထားမှု(2%Reserve(general provision for loans & receivables)မှာ**ကျပ်၃,၆၀၈. ၄၃သန်း** ဖြစ်ပြီး မခွဲဝေရသေးသောချန်ထားအမြတ်များ (Retained Earning )နှင့်အခြားရန်ပုံငွေများ(Reserves )မှာ **ကျပ်၁,၈၈၉.၈၆သန်း**ဖြစ်ပါသည်။

**<u>အစုရှင်များ၏ရပိုင်ခွင့်များ</u>**

**စုစုပေါင်းရင်းနှီးငွေနှင့်ရန်ပုံငွေများ** (Total Equity ) မှာ ၂၀၁၈ဘဏ္ဍာရေးနှစ်( ၆ )လ တွင် **ကျပ်၅,၆၃၁. ၆၈သန်း**ဖြစ်ပြီး၂၀၁၇ဘဏ္ဍာရေးနှစ်(၆လ)မှာ**ကျပ်၅၅,၇၉၃. ၆၂သန်း ရှိ၍အစုရှင်များ၏ရပိုင်ခွင့်များမှာ ကျပ်၅၁၉. ၀၆သန်း( ၀. ၀၉၃ရာခိုင်နှုန်း )<u>တိုးတက်ခဲ့ပါသည်</u>**။

## <u>အစုတစ်စုအပေါ်ဝင်ငွေ (Earning Per Share)</u>

၂၀၁၈ဘဏ္ဍာရေးနှစ်(ဗြလ)တွင်ပထမပုဂ္ဂလိကဘဏ်လီမိတက်၏**အစုရှယ်ယာတစ်စုအပေါ်ဝင်ငွေ** (Earning Per Share)မှာ **ကျပ်၁,၀၃၅** ဖြစ်ပြီး ၂၀၁၇ဘဏ္ဍာရေးနှစ်(ဗြလ)တွင် **ကျပ် ၁,၂၉၂** ထိ တိုးတက်လာခဲ့ပါသည်။ ထိုနည်းတူ ၂၀၁၈ဘဏ္ဍာရေးနှစ်(ဗြလ)တွင် **အစုရှယ်ယာတစ်စု၏ တန်ဖိုး** (ValuePer Share) မှာ **ကျပ်၂၂,၇၆၆** ဖြစ်ပြီး ၂၀၁၇ဘဏ္ဍာရေးနှစ်(ဗြလ)တွင်**ကျပ်၂၂,၅၇၀**ရှိသဖြင့် **အစုရှယ်ယာတစ်စု၏တန်ဖိုးမှာ ကျပ်၁၉၆ <u>ပိုတိုးလာပါသည်</u>**။

### <u>(၂၀၁၈) ဘဏ္ဍာရေးနှစ်(ဗြလ)ချုပ် ငွေသားစီးဆင်းမှုရှင်းတမ်းရှင်းလင်းချက်</u>

**၁။ လုပ်ငန်းဆောင်ရွက်မှုများအရအသားတင်ငွေသားစီးဝင်မှု**မှာ၂၀၁၈ဘဏ္ဍာရေးနှစ်(ဗြလ)တွင် **ကျပ်၁၈,၄၄၇.၇၂သန်း** ရှိပြီး ၂၀၁၇ဘဏ္ဍာရေးနှစ်(ဗြလ)တွင် **ကျပ်၁၄,၁၀၅.၀၆သန်း** ရှိသဖြင့် **ကျပ်၄,၃၄၂.၆၆သန်း ပိုများပါသည်**။

**၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်မှုများမှအသားတင်ငွေသားစီးထွက်မှု**မှာ၂၀၁၈ဘဏ္ဍာရေးနှစ်(ဗြလ) တွင် **ကျပ်၈,၇၂၇.၈၁သန်း** ရှိပြီး ၂၀၁၇ဘဏ္ဍာရေးနှစ်(ဗြလ)တွင် **ကျပ်၁,၄၂၈.၅၉သန်း** ရှိသဖြင့် **ကျပ်၇,၂၉၉.၂၂သန်းပိုများပါသည်**။

**၃။ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ချက်များအရငွေသားစီးထွက်မှု** မှာ ၂၀၁၈ဘဏ္ဍာရေးနှစ်(ဗြလ)တွင် **ကျပ်၅၉၀၈.၁၈သန်း**ရှိပြီး၂၀၁၇ဘဏ္ဍာရေးနှစ်(ဗြလ)တွင်**ကျပ်၉၈၉၀.၀၅သန်း**ရှိသဖြင့် **ငွေသားစီးထွက်မှု** မှာ **ကျပ်၃,၉၈၁.၈၇သန်း လျော့နည်းပါသည်**။

၄။ **အသားတင်ငွေသားစီးဝင်မှုမှာ** ၂၀၁၈ဘဏ္ဍာရေးနှစ်(ဗြလ)တွင် **ကျပ်၃,၈၁၁.၇၄သန်း** ရှိပြီး ၂၀၁၇ဘဏ္ဍာရေးနှစ်(ဗြလ)တွင် **ကျပ်၂,၇၈၆.၄၃သန်း ရှိသဖြင့်အသားတင်ငွေသားစီးဝင်မှု** မှာ **ကျပ်၁၀၂၅.၃၁သန်းပိုများပါသည်**။

**နိဂုံး**

ဘဏ်လုပ်ငန်းများတိုးတက်လုပ်ကိုင်လာသော်လည်းငွေကြေးလည်ပတ်မှုမှာကောင်းမွန်ပါသည်။ ငွေကြေးများပိုလျှံ၍ရင်းနှီးမြှုပ်နှံထားပါသည်။၂၀၁၈ဘဏ္ဍာရေးနှစ်(၆လ) တွင်မခွဲဝေရသေးသည့်အမြတ်လက်ကျန်များမှာ **ကျပ် ၁,၈၈၁.၇၄ သန်း** ရှိပြီး ဒါရိုက်တာအဖွဲ့သည် လာမည့်ဘဏ္ဍာရေးနှစ် ၂၀၁၈–၂၀၁၉(အောက်တိုဘာလမှစက်တင်ဘာလထိ)အတွက် ခန့်မှန်းထားသည့်အမြတ်များ ရရှိရန် ကြိုးစားဆောင်ဆောင်ရွက်လျှက်ရှိပါသည်။ခန့်မှန်းထားသည့်အမြတ်များရရှိပါကအမြတ်ဝေစုများကိုယခင်နှစ်အမြတ်ဝေစုနှုန်းထားအတိုင်း ခွဲဝေပေးနိုင်မည်ဖြစ်ပါသည်။ ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့သည်အစုရှင်များ၊ ဘဏ်နှင့်ဆက်နွယ်သူများ၊ ဘဏ်ဝန်ထမ်းများ၊ Stake holders များ၏ရေရှည်အကျိုးကိုဦးထိပ်ပန်ဆင်၍ကိုယ်ကျိုးမဖက်ဘဲအစဉ်တစ်စိုက်ကြိုးစားဆောင်ရွက်လျှက်ရှိ ကြောင်းတင်ပြအပ်ပါသည်။

ပထမပုဂ္ဂလိကဘဏ်၏ဘဏ်လုပ်ငန်းများမှာပုံမှန်တိုးတက်လျှက်ရှိပါကြောင်းတင်ပြအပ်ပါသည်။

ညွှန်ကြားချက်အရ

မြင့်ဇော်
အမှုဆောင်အရာရှိချုပ်

# FIRST PRIVATE BANK LIMITED

## Statement of Comprehensive Income for the year ended 30 September 2018

| | 2018(September) MMK | 2017(September) MMK | %Change |
|---|---|---|---|
| Interest Income | 11,336,682,259 | 10,492,397,889 | 8.05% |
| Interest Expenses | (7,905,612,355) | (6,705,816,198) | 17.89% |
| Net interest Income | 3,431,069,904 | 3,786,581,691 | -9.39% |
| Other Income | 1,530,190,310 | 1,556,872,915 | -1.72% |
| **Total Revenue** | **4,961,260,214** | **5,343,454,606** | **-7.15%** |
| **Operating Expense** | | | |
| Personnel expenses | (995,414,282) | (886,819,180) | 12.25% |
| General & Administrative expenses | (684,901,840) | (382,163,246) | 79.22% |
| Depreciation expenses | (82,780,807) | (82,191,830) | 0.72% |
| **Total Operating expenses** | **(1,763,096,929)** | **(1,351,174,256)** | **30.49%** |
| **Net Profit (Before Tax)** | **3,198,163,285** | **3,992,280,350** | **-19.89%** |

# FIRST PRIVATE BANK LIMITED

## Statement of Financial Positions as at 30 September 2018

| | 2018(September) | 2017 (September) | % Change |
|---|---|---|---|
| | MMK | MMK | |
| **Assets** | | | |
| Cash & cash equivalents | 39,449,282,776 | 40,039,777,220 | -1.47 |
| Loans and receivables | 180,421,251,962 | 158,463,616,093 | 13.85 |
| Prepaid and other receivables | 4,755,302,208 | 8,271,374,327 | -42.51 |
| Inventories | 31,600,791 | 34,511,177 | -8.43 |
| Investments | 31,702,300,000 | 23,202,300,000 | 36.63 |
| Property and equipment | 10,759,328,171 | 6,884,115,228 | 56.29 |
| Advanced Tax | 2,180,217,385 | 450,000,000 | 384.49 |
| Acceptance, Endorsement & Guarantee | 378,742,400 | 812,699,456 | -53.40 |
| **Total Assets** | **269,678,025,693** | **238,158,393,501** | **13.23** |
| Authorized Capital | 100,000,000,000 | 100,000,000,000 | |
| Paid up capital | 24,720,530,000 | 24,720,530,000 | 0.00 |
| Share Premium | 11,845,878,597 | 11,846,121,597 | 0.00 |
| **Equity** | | | |
| Statutory reserve | 14,146,283,649 | 12,744,889,678 | 10.99 |
| 2% reserve | 3,608,425,039 | 3,169,272,322 | 13.86 |
| (general provision for loans & receivables) | | | |
| Contingency reserve | 101,697,990 | 223,261,180 | -58.93 |
| Other reserve | 8,117,485 | 388,117,485 | -97.91 |
| Retained Earning | 1,881,744,614 | 2,701,536,744 | -30.34 |
| **Total Equity** | **56,312,677,374** | **55,793,619,006** | **0.93** |
| **Liabilities** | | | |
| Deposits from customers | 204,122,972,830 | 177,691,835,974 | 14.87 |
| Other liabilities | 6,596,005,630 | 3,014,270,819 | 118.83 |
| Payment Order | 67,777,417 | 47,512,176 | 42.65 |
| Provision for income tax | 2,199,850,042 | 798,456,070 | 175.51 |
| Acceptance, Endorsement & Gurantee | 378,742,400 | 812,699,456 | 42.06 |
| **Total liabilities** | 213,365,348,319 | 182,364,774,495 | 16.99 |
| **Total Liabilities and Equity** | **269,678,025,693** | **238,158,393,501** | **13.23** |

# FIRST PRIVATE BANK LIMITED

## Statement of Cash Flows as at 30 September 2018

| | 2018(September) | 2017 (September) |
|---|---|---|
| | MMK in million | MMK in million |
| **Interest Income** | 12,013.83 | 11,876.70 |
| **Interest Expense** | (7,300.13) | (6,396.99) |
| **Cash Payment to employee & other** | (1,679.74) | (1,268.98) |
| | 3,033.96 | 4,210.72 |
| (Increase)/decrease in Loan and receivables | (4,819.33) | (515.50) |
| (Increase)/decrease in Other Assets | (36.48) | (1,119.88) |
| (Increase)/decrease in deposits | 18,965.19 | 12,029.24 |
| (Increase)/decrease other liabilities | 1,934.61 | (41.51) |
| **Cash generated from operation** | 19,077.94 | 14,563.07 |
| **Income tax paid** | (630.22) | (458.01) |
| **Net Cash Provided by/(used in)operating activities** | **18,447.72** | **14,105.06** |
| **Cash flow from investing activities** | | |
| Investment in government securities bond | 2,500.00 | - |
| Investment in CBM Deposit Auction | (11,000.00) | - |
| Purchase of property and equipment | (227.81) | (1,428.59) |
| Proceeds from sale of property and equipment | - | - |
| **Net cash used in investing activities** | **(8,727.81)** | **(1,428.59)** |
| **Cash flow from financing activities** | | |
| Issued Share Capital | - | - |
| Share premium | - | - |
| Dividend paid | (4,908.18) | (4,889.94) |
| Proceed from bonus share issued | - | (0.11) |
| Borrowing repayment | (1,000.00) | (5,000.00) |
| **Net cash used in financing activities** | **(5,908.18)** | **(9,890.05)** |
| **Net increase/(decrease)in cash in hand and at bank** | **3,811.74** | **2,786.43** |
| **Cash in hand and at bank at 1 April** | **35,637.55** | **37,253.35** |
| **Cash in hand and at bank at 30 September** | **39,449.28** | **40,039.78** |